Australian Government

# မသန်မစွမ်း များ အတွက် အထူး စီစဉ် ထား သည့် အကူ အ ညီ

ဩစတေးလျ အစိုးရ၏ ဒေါ်လာ ၁ ့ ၂ ဘီလီယံ တန်ဘိုး ရှိ သည့် မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု သည် အလုပ် အကိုင် ရှာ ဖွေ နေ သူ များ အတွက် ပို မို ထိ ရောက် သည့် အလုပ် အကိုင် ရ ရှိ မှု ထောက် အကူ ကို ၂၀၁၀ ခုနှစ် မတ် လ၊ ၁ ရက် မှ စ တင် မည် ဖြစ် သည်၊

**မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု** သည် အလုပ် အကိုင် ရှာ ဖွေ နေ သည့် မသန်မစွမ်းသူ များ အတွက် အ လုပ် ခွင် တွင် ပို ၍ ပါ ဝင် စေ နိုင် မည် ဖြစ် သည်။

မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု သည် မသန်စွမ်း သူ များ နှင့် ၄င်း တို့၌ ၏ မိသား စု များ၊ ကြည့် ရှု စောင့် ရှောက် သူ များ၊ မိသားစု များ နှင့် အလုပ်ရှင် များ အတွက် ထူး ခြား သည့် ပြု ပြင် မှု ဖြစ် သည်။ အလုပ် အကိုင် ရှာဖွေ နေ သူ များ သည် မ သန် မစွမ်း ဖြစ် ပါ က၊ အထူး စီစဉ် ပေး ၍ လို အပ် ချက် များ ကို လို အပ် သလို ပြုပြင် ပြောင်း လဲ အဆင်ပြေ အောင် ဆောင် ရွက် ပေး သည့် ချက် ချင်း တုံ့ ပြန် မှု များ ကို ၄င်း နှင့် ၄င်း တို့ ၏ အလုပ် ရှင် များ အတွက်ဆောင် ရွက် ပေး နိုင် သည်။

မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု အသစ် သည် မသန် မစွမ်း ဖြစ် သူ၊ ခြေ လက် ဒါဏ်ထိ ထားသူများ၊ ကျမ်းမာရေးချို့တဲ့ သူများ ဖြစ် ပြီး အလုပ် ကို လုပ် ကိုင် နိုင် သူ များ အတွက်၊ တဦး ချင်း စီ၊ သီးသန့် အထူးစီစဉ် ဆောင် ရွက်ပေး နိုင် သည့် ဝန် ဆောင် မှု ဖြစ် သည်။ ၄င်း တို့ နှင့် ပို ၍ သင့်လျော် သော အလုပ် အကိုင်များ၊ ၄င်း တို့ အနေ ဖြင့် သင် တန်းများ၊ တတ် ကျွမ်း ပညာ များ ဖွံ့ ဖြိုး ရေး၊ အထူး သဖြင့် တတ် ကျွမ်း ပညာ လို အပ် နေ သည့် နေ ရာ မျိုး များ တွင် ဆောင် ရွက် ပေး ခြင်း ဖြစ် သည်။

မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု တွင် အစီ အစဉ် ၂ မျိုး ရှိ သည်။

- **မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု**သည် မသန် မစွမ်း ဖြစ် သူ၊ ခြေ လက် ဒါဏ်ထိ ထားသူများ၊ ကျမ်းမာရေးချို့တဲ့ သူများ ဖြစ် ၍ အလုပ် ကို လုပ် ကိုင် နိုင် သူ များ အတွက် ဖြစ် ပြီး၊ မသန်မစွမ်းများ အတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု ၏ အကူ အညီ ကို လို အပ် မှု ရှိ ပြီး၊ ရေ ရှည် မဟုတ် ခေတ္တ သာ လို အပ် ခြင်း။
- **မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု**သည် ပြန် ၍ မကောင်း နိုင် သည့် မသန် မစွမ်း ဖြစ် သူများ ဖြစ် ပြီး လုပ် ငန်း ခွင် တွင် ရေ ရှည် အကူ အညီ လို အပ် ခြင်း။

မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု အသစ် အစီ အစဉ် ဖြစ် ပေါ် လာ သည် မှာ၊ နိုင် ငံ အဝှမ်း ညှိ နှိုင်း ပါ ဝင် မှု နှစ် ကြိမ် ရှိ သည့်၊ စာ တန်း ပြု စု မှု အပေါ် တုံ့ ပြန် မှု များ၊ အစီ ရင်ခံ စာ တင် ပြမှု ဖိတ် ခေါ် ခြင်း များ၊ အကြိမ်ကြိမ် ညှိ နှိုင်း ဆွေး နွေး သော အစီ အစဉ် များ ဆောင် ရွက် ခဲ့ မှု များ မှ ရ လဒ်ဖြစ် သည်။

## ပို ၍ ကောင်း သော အလုပ် အကိုင် ရရှိ ရေး လမ်း သွယ် သို့

ဩစတေးလျ အစိုး ရ သည် မသန်မစွမ်း သူ များ အနေ ဖြင့် ဩစတေး လျ လူ့ ဘောင် အဖွဲ့ အစည်း အတွက် ပေး ဆပ် နိုင် သည့် ဝန် ဆောင်မှု ကို တန် ဘိုး ထား သည်။ ၄င်း တို့ သည် လည်း အလုပ် ခွင် တွင် ဝင် ရောက် အလုပ် လုပ် ကိုင် နိုင် မည့် အခွင့် အလမ်း ကို လို လား သည်။ ထို့ ကြောင့် ၄င်း တို့ အား အ လုပ် အကိုင် မြဲ အောင် ကူ ညီ ပေး ရန် အဖက် ဖက် မှ ကူ ညီ ပေး သင့် သည်။

မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု ကို အ လုပ် လုပ် နိုင် သူ များ အ တွက်၊ လို အပ် သည့် ဝန်ဆောင် မှု ချက် ချင်း ရရှိ နိုင် ၇န်၊ ၄င်း ဝန် ဆောင် မှု ကို အသုံး ပြု နိုင် သည့် အတိုင်း အဆ ကို အကန့် အသတ် မရှိ ထား ပေး မည် ဖြစ် သည်။ စောင့် ဆိုင်း ရ သည့် စါ ရင်း စနစ် ထား မည် မဟုတ် ပါ။

အလုပ် ရှာ သူ အား လုံး အတွက် တဦး ချင်း စီ၊ သီး သန့် စီ စဉ် ပေး သည့် ဝန် ဆောင် မှု များ၊ အ႗ည် အချင်း ဖြည့် မီ ရေး သင် တန်းများ၊ အ လုပ် သင် သင် တန်း များ၊ အ ခြား သော ကြား ဖြတ် ပန့် ပိုး ကူ ညီ မှု များ ဆောင် ရွက် ပေး ခြင်း ဖြင့်၊ အစီ အစဉ် တွင် ပါ ဝင် သူ များ ကို အ လုပ် ရှာ ဖွေ ပေး သည့် အ ပြင်၊ အ လုပ် မြဲ အောင် လဲ ကူ ညီ ပေး မည်။

မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု လုပ် ငန်း များ တွင် ပါ ဝင် လုပ် ကိုင် ဆောင် ရွက် သောသူ များ သည် ကြို တင် ကြားဖြတ်ကူ ညီ မှု များ ပြု လုပ် ပေး နိုင် ရန်၊ ကျောင်းများ နှင့် အခြား သော ဝန် ဆောင် မှု လုပ် ငန်း ရှင် များ နှင့် လဲ ပူး တွဲ ဆောင် ရွက် မှု များ ပြု လုပ် ထား ပြီး၊ မသန် မစွမ်း သူ တ ဦး ဦး က နေ အ ကူ အ ညီ လို အပ် လာ သည့် အ ခါ ချက် ချင်း ကူ ညီ ပေး နိုင် မည် ဖြစ် သည်။

Disability Employment Services™

## မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု အ သစ် ၏ အင်္ဂါ ရပ် များ

- မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု ကို အသုံး ပြု နိုင် သည့် အတိုင်း အဆ ကို အကန့် အသတ် မရှိ ထား ပေး ခြင်း။ အလုပ် အကိုင် ရှာ လို သည့် မသန် မစွမ်းဖြစ် သူ သည် မိ မိ တို့ မြဲ သည့် အလုပ် အကိုင် ရ ရှိ ရန် ၄င်း တို့ လို အပ် နေ သည့် ပန့် ပိုး မှု များ ရ ရှိ ဂုန် စောင့် စ ရာ မလို အပ် တော့ ဘဲ ရ ရှိ နိုင် မည် ဖြစ်သည်။
- လို အပ် ချက် ခြင်း မတူညီ သည့် မသန် မစွမ်း အလုပ်ရှာသူ များ ကို စီ စစ် ခြင်း များ ပြု လုပ် ရာတွင် ၄င်း၊ တဆင့် ပို့ ပေး လွှဲ ပေး သည့် အခါ များ တွင် ၄င်း၊ မရှုပ် ထွေး စေ ရန် သီး သန့် အစီ အစဉ် ၂ ခု ထား ရှိ မည်။
- ကျောင်း အောင် ပြီး ခါ စ များ အပါ အဝင်၊ ၄ င်း တို့ အား စော နိုင် သမျှ စော ၍ မှန် ကန် သည့် အ ထောက် အကူ ပေး မည်။ ချော မွေ့ စွာ ကျောင်း မှ လုပ် ငန်း ခွင် သို့ အောင် မြင် စွာ ကူး ပြောင်း ပေး နိုင် ရန် ဖြစ် သည်။
- မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု များ က အစီ အစဉ် ထဲ တွင် ပါ ဝင် သူ များ ကို သင့် လျော် သည့် အလုပ် ရှာ ပေး နိုင် ပါ က ဆု ပေး စနစ် များ ထား ပေး ခြင်း ဖြင့် လုပ် ငန်း ရှင် များ ကို အား ပေး သ မှု ပြု မည်။
- မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု လုပ် ငန်း ရှင် များ ကို လဲ ပို မို ပြီး ကျွမ်း ကျင် လုပ် ငန်း များ၊ ပညာ နှင့် သင် တန်း များ ပို ၍ အား ပေး ရန် မက် လုံး များ ပေး မည်။
- အ လုပ် အကိုင် ရှာ ဖွေ သည့် နေ ရာ တွင် ခဲ ယဉ်းမှု အများ ဆုံး ရှိ မည့် သူ များ အ ဖို့ ထောက် ပံ့ ငွေ ရရှိ နိုင် သည့် အ ဆင့် ဆင့် ကို လွယ် ကူ အောင် ဆောင် ရွက် ထား မည်။
- ဝေး လံ ခေါင် ခိုက် သည့် ဒေသများ တွင် နေ ထိုင် ကြသည့် မသန် မစွမ်း ဖြစ် သူ များ ကို လဲ ကူ ညီ ပေး နိုင် ရန် ပံ့ ပိုး မှု ပို ၍ တိုး ပေး မည်၊
- မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု ပြု လုပ် သူ များ နှင့် ၄င်း တို့ ၏ ဝန် ဆောင် မှု ကို လက် ခံ သည့် သူ များ ကြားတွင်၊ ၄င်း တို့ အား အလုပ် အကိုင် ရ ရှိ သည့် အထိ အဆင့် ဆင့် ဆောင် ရွက် သွား မည့် အချက် အ လက် များ ကို အသေး စိတ် ဆောင် ရွက် ပေး မည်၊
- အသက်မွေးဝမ်းကြောင်း ပညာ သော် ၄င်း၊ အသက်မွေးဝမ်းကြောင်း ပညာ မဟုတ် လျှင် သော် ၄င်း၊ မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု ဝန် ထမ်း များ က လို အပ် လျှင် လို အပ် သ လို ကြား ဝင် ဖြန် ဖြေ မှု များ ပြု လုပ် ပေး နိုင် မည် ဖြစ် သည်။
- မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု ဝန် ထမ်း များ အ နေ ဖြင့်၊ အလုပ် ရှာ ဖွေ သူ များ ကို အ ဓိ က အား ဖြင့် မြဲ သည့် အလုပ် အကိုင် ရှာ ဖွေ ပေး ရေး ကို အာ ရုံ စိုက် နိုင် ရန် ၊ စာရွက် စာ တန်း များ၊ မြောက် များ စွာ ကိုင် တွယ် ဆောင် ရွက် ရ မှု တွင် အ ချိန် မ ကုန် ရန် အတွက် ပံ့ ပိုး မှု တိုး ချဲ့ ချ ပေး မည်။
- မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု ဝန် ထမ်း များ သည် မသန်မစွမ်း ဆိုင် ရာ ဝန် ဆောင် မှု သတ် မှတ် ထား သည့်စံ နှုန်း အဆင့် မှီ သည့် လက် မှတ် ကိုင် ဆောင် ထား သူ များ ဖြစ် ရ မည်။ အသေး စိတ် ပို ၍ သိ လို ပါ က၊ ဤ ကွန် ယက် လိပ် စာ တွင် ရှာ နိုင် သည်။ **www.jobaccess.gov.au.**

## လုပ် ငန်း ပိုင် ရှင် များ ကို ကျွမ်း ကျင် အလုပ် သမား ရှာ ပေး ရေး

အလုပ် ဈေး ကွက် တွင် အလုပ် ရှင် များ လို အပ် နေ သည့် နေ ရာ များ တွင် မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု ဝန်ထမ်းများ က ဝင် ရောက် ဖြည့် စည်း ပေး နိုင် လျှင် ၄င်း တို့ အား ဆု လဒ် ပေး မည်။

အလုပ်ရှာ ဖွေ သူ များ အား မြဲသည့် အ လုပ် အကိုင် ရ ရှိ ရန်၊ အလုပ် ရှာ သူ နှင့် အ လုပ် ရှင် အား လို အပ် သည့် အကူ အညီ များ အလွယ် တကူ ရ ရှိ နိုင် ရန် အကူ အ ညီ ပေး မည်၊ ဉပမာ အား ဖြင့် လုပ် ငန်း ခွင် တွင် မသန် မစွမ်းသူ အနေ ဖြင့် သွား လာ လှုပ် ရှား နိုင် အောင် နေရာ ထိုင် ခင်း ပြု ပြင် ပြောင်း လဲ ဆောက် လုပ် မှု များ။ စကား ပြန် ဝန် ဆောင် မှု များ ကို ပံ့ ပိုး ပေး မည်။

အလုပ် ခွင် အစီ အစဉ် တွင် ပါ ဝင် ကြသူ များ အ နေ ဖြင့်၊ အမြဲတန်း အကူ အညီ ကို မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု မှ လို အပ် သည့် အချိန် များ တွင် အမြဲ ရ ရှိ နိုင် သည်။ ၄င်း အကူ အညီ (၃) မျိုး ရှိ မည်။ (လို အပ် သလို ညှို နှိုင်း ခြင်း၊ အတော် အတန် ပေး ခြင်း နှင့် အပြင်း အထန် ကူ ညီ ခြင်း ) မသန် မစွမ်း ဝန် ထမ်း များ ကို အ လုပ် ပေး ထား သည့် အလုပ် ရှင် များ ၏ လို အပ် ချက် များ ကို ထောက် ပံ့ ပေး ရန် ဖြစ် သည်။

လို အပ် သလို အမြဲ တန်း ကူ ညီ ပေး သည့် အချက် သည် အသစ် ဖြစ် သည်။၄င်း သည် အစီ အစဉ် တွင် ပါ ဝင် သည့် သူများ ကို အ ကာ အကွယ် ပေး သည့် သဘော ဖြစ် သည်။ ၄င်း တို့ အား အလုပ် တွင် မြဲ နိုင် ရန် ပုံ မ မှန် သည့် အနေ အထား လို အပ် ချက် များ၊ မထင် မမှတ် လို အပ် ချက် များ ဖြစ် ပေါ် လာ ပါက ကူ ညီ ပေး နိုင် ရန်ဖြစ် သည်။ ဤ အစီ အစဉ် သည် စိတ္တဇ ရော ဂါ ဝေ ဒ နာ ရှင် များ နှင့် ရန် ဖန် ရန် ခါ ပေါ် လာ တတ် သည့် ရော ဂါ ဖေါက် ပြန် မှု ရှိ သူ များ အတွက် ပို ၍ အ ဆင် ပြေ သည်။

အစီ အစဉ် တွင် ပါ ဝင် သည့် သူ အ ချို့ မှာ မိ မိ တို့ သီး သန့် ရပ် တည် လာ နိုင် သည့် အ ခါ မျိုး နှင့် မိမိ ကိုယ် ကို အား ကိုး နိုင် သည့် လုပ် ငန်း ခွင် တွင်ခိုင် မြဲ မှု ရ ရှိ သွား သူ များ သည် မသန်မစွမ်းများအတွက် အလုပ် အကိုင် ရ ရှိ ရန် ဝန်ဆောင်မှု အစီ အစဉ် မှ နှုတ် ထွက် သွား နိုင် သည်။

0A10-0066_DESFactsheet_March_10